# 3 ဆိုင်ကယ်၊ စက်ဘီးပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း

ဆိုင်ကယ်၊ စက်ဘီးတွင်လည်း မှတ်ပုံတင်စနစ်နှင့် ရပ်နားထားရန် စည်းကမ်းချက် စသည်များရှိပါသည်။

## 3-1 ဆိုင်ကယ်မှတ်ပုံတင်

ဓါတ်ငွေ့စွန့်ထုတ်မှုပမာဏ 125 cc ကိုကျော်လွန်သော ဆိုင်ကယ်သည် ဒေသဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲ (မော်တော်ယာဉ်စစ်ဆေးမှတ်ပုံတင်ရုံး) သို့ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်၍ နံပါတ်ပြားထုတ်ယူရန် လိုအပ်သည်။ မော်တာတပ်ဆင်ထားသော စက်ဘီး (125 cc အောက်) သည် နေထိုင်ရာအရပ်ရှိ မြို့နယ်အစိုးရရုံးသို့ လျှောက်ထားရန် လိုအပ်သည်။

## 3-2 စက်ဘီး၏ ပြစ်မှုတားဆီးရေးမှတ်ပုံတင်

စက်ဘီးတွင် ပြစ်မှုတားဆီးရေးမှတ်ပုံတင်စနစ် ပါရှိပါသည်။ အများအားဖြင့် ဂယ်ယူသောဆိုင်တွင် ဆောင်ရွက်နိုင်ပါသည်။

## 3-3 စက်ဘီးရပ်နားထားခြင်း

### (1) ရပ်နားထားခြင်းမပြုရနယ်မြေ

ဘူတာရှေ့စသည့်နေရာများတွင် စည်မျဉ်းဥပဒေအရ စက်ဘီးနှင့် ဆိုင်ကယ်ကို ရပ်နားထားခြင်းမပြုရန် သတ်မှတ်ထားသောနယ်မြေ (ရပ်နားထားခြင်းမပြုရနယ်မြေ) ရှိပါသည်။ ၎င်းနေရာ၌ စက်ဘီးနှင့် ဆိုင်ကယ်ကို ရပ် ထားလျှင် အာဏာဖြင့် ဖယ်ရှားခြင်းခံရမှာဖြစ်ပြီး သတ်မှတ်ထားသောနေရာသို့ ရွှေ့ပြောင်းထိန်းသိမ်းထားခြင်း ခံရပါမည်။

ရပ်နားခြင်းမပြုရနယ်မြေသင်္ကေတ




### (2) ဖယ်ရှားခံစက်ဘီးကို ပြန်လည်ပေးအပ်ခြင်း

ဖယ်ရှားခံစက်ဘီးကို ပြန်လည်ရယူလိုလျှင် စက်ဘီးသော့နှင့် မှတ်ပုံတင် (ယာဉ်မောင်းလိုင်စင်စသည့်) လိုပါ သည်။ ဖယ်ရှားခံရ၍ ထိန်းသိမ်းခနှင့် ပြောင်းရွှေ့ကြေးကို မပေးဆောင်လျှင် ပြန်မပေးသောအဖြစ်မျိုး ရှိပါသည်။ ထိုကဲ့သို့သောအခါ၌ ဖယ်ရှားခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်သောငွေကို တောင်းဆိုပါလိမ့်မည်။